HUMAN RIGHTS WATCH

www.hrw.org

# “ကျွန်မတို့ဟာ မွေ့ကျန်ရစ်ထားတဲ့လူတွေလိုပါပဲ”
## မြန်မာပြည်မှ ချင်းလူမျိုးများ – မြန်မာပြည်မှာက မလုံခြုံ၊ အိန္ဒိယမှာက အကာအကွယ်မရှိ

## အကျဉ်းချုပ်

> (စစ်ထောက်လှမ်းရေးအရာရှိများ)က ကျွန်တော့်လက်တွေကိုချည်နှောင်ပြီး မျက်နှာကျက်ပေါ်ကနေ ကြိုးနဲ့ဆွဲထားတယ်။ ကျွန်တော့်ကိုတုတ်တွေနဲ့ရိုက်တယ်။ မျက်နှာကို အဝတ်စုတ်နဲ့ပတ်ပြီး ကျွန်တော်သတိလစ်သွားတဲ့အထိ ရေဇလုံထဲကို ကျွန်တော့်ခေါင်း ထိုးထည့်တယ်။ ကျွန်တော်သတိလည်လာတဲ့အခါမှာ အရင်လိုပဲ ပြန်လုပ်တယ်။ တပတ်လုံးလုံး ကျွန်တော့်ကို ရေပေးမသောက်ဘူး။ ရေအရမ်းဆာ လာတဲ့အတွက် ကျွန်တော့်ကို အိမ်သာပေးသုံးဖို့ သူတို့ကိုပြောတယ်။ အိမ်သာ ရောက်တာနဲ့ အိမ်သာရေတွေကို ခွသောက်လိုက်တယ်။
> – ဟားခါးမြို့နယ်၊ ချင်းပြည်နယ်၊ မြန်မာနိုင်ငံမှ ချင်းနိုင်ငံရေးအကျဉ်းသားဟောင်း

> စစ်တပ်ကနေ ကျွန်မကိုပေါ်တာဆွဲတာ ဆယ်ကြိမ်ထက်မက၊ အကြိမ်ပေါင်းများစွာပဲ။ သူတို့တွေရဲ့ အိတ်တွေကို မသယ်နိုင်တဲ့အခါ ကျွန်မကိုရိုက်တယ်။ (စစ်သားတွေ) က စိတ်တိုပြီး ကျွန်မတို့ကို ပါးရိုက်တယ်၊ ပြီးတော့ ကန်တယ်။ ကျွန်မတို့ကို မြန်မြန်သွားဖို့လဲပြောတယ်။ ကျွန်မငြင်းဆန်ဖို့ ကြိုးစားရင်ရိုက်တယ်။ သူတို့ ပြောတာက “မင်းက ငါတို့အာဏာအောက်မှာရှိတယ်။ နင့်မှာ ဘာရွေးချယ်ခွင့်မှ မရှိဘူး။ ငါတို့ပြောတာကို နင် လုပ်ရမယ်။”
> – ထန်တလန်မြို့နယ်၊ ချင်းပြည်နယ်၊ မြန်မာနိုင်ငံမှ ချင်းအမျိုးသမီး

> ကျွန်တော်တို့ အကာအကွယ်လိုတယ်။ မီဇိုရမ် အစိုးရကနေဖြစ်ဖြစ်၊ ဝိုင်အမ်အေ (သကညါ ငြဖသ ဗျူသခငအေငသည) ကနေဖြစ်ဖြစ် ကျွန်တော်တို့ကို အချိန်မရွေးနှင်ထုတ် လိုက်လို့ရတယ်။ တကယ်လို့ ဗမာပြည်ကို ပြန်ပို့ခံရရင် ကျွန်တော်တို့အများစုဟာ အသတ်ခံရမှာ၊ ဒါမှမဟုတ် ထောင်ထဲ အချိန်ပြည့်အချုပ်ခံနေရမှာ။ ကျွန်တော် တို့ဟာ ဒုက္ခသည်များဖြစ်ပါတယ်။ ဒါပေမယ့်၊ ဒုက္ခသည်များအဖြစ် အသိအမှတ် ပြုမခံရဘူး။
> – လုန်လိုင်၊ မီဇိုရမ်၊ အိန္ဒိယမှ ချင်းဒုက္ခသည် ခေါင်းဆောင်

အောက်တိုဘာ ၂၀၊ ၂၀၀၇ မနက်တွင် အသက် ၂၈ နှစ်အရွယ် ချင်းတက္ကသိုလ်ကျောင်း သား ုံ.ူ သည် ကလေးမြို့တွင်စာမေးပွဲကြေးပေးဆောင်ရန် သူ့ရွာမှ ထွက်ခွာရာတွင် တပ်မတော် (ဗမာစစ်တပ်) စစ်သားများက သူ့ကို ဟန့်တားပြီး ဆန်ရိက္ခာများအား သုံးနာရီကြာလမ်းလျှောက်ရသည့် တခြားရွာသို့ သယ်ဆောင်ရန် အမိန့်ပေးခံရသည်။ ုံ.ူ ငြင်းဆန် သောအခါ စစ်သားများက သူ့အား ရိုက်နက်ပြီး သူတို့ဆန်အိတ်များကို အတင်းအဓမ္မသယ်စေခဲ့သည်။

ယင်းကျေးရွာသို့ရောက်သောအခါတွင်၊ စစ်သားများက ုံ.ူ အား ရိက္ခာများကို နောက်ထပ် ရက်ပေါင်းများစွာ လမ်းလျှောက်ရသည့် စစ်တပ်သို့ သယ်ဆောင်ရန် အမိန့်ပေးပြန်သည်။ ုံ.ူ ဖီဆန်သည့်အခါစစ်သားများက ရပ်ကွက်ရဲများကို ုံ.ူ အားဖမ်းရန် အမိန့်ပေးခဲ့သည်။ ထို့နောက် ရဲတွေက အခန်းကျဉ်းထဲတွင် ုံ.ူ အား တပတ်ကြာ သော့ခတ်အကျဉ်းချထားသည်။ ုံ.ူ ကိုအနည်းငယ်မျှသော အစားအစာကိုသာ ကျွေးသည်။ ရဲတွေက အချုပ်ခန်းထဲမှလွှတ်ရန် ငွေ ၃၀၀၊၀၀၀ (ဒေါ်လာ ၂၅၅) ပေးရမည်ဟု အမိန့်ပေးခဲ့ပြီး၊ နောက်ထပ် ဖမ်းဆီးမှု မခံချင်လျှင် စစ်အမိန့်ကို နာခံရန်နှင့် တိုင်းရင်းသားဆန့်ကျင်သူများနှင့် အဆက်အသွယ်မပြုရန် အတင်းလက်မှတ်ရေးထိုးခိုင်းသည်။ ုံ.ူ ကိုပြန်ပေးမလွှတ်ခင်တွင်၊ ရဲတွေက သူ၏ နိုင်ငံသားစီစစ်ရေးကတ်ပြား မှတ်ပုံတင်ကို သိမ်းလိုက်သည်။ မှတ်ပုံတင်မရှိတော့ သည့်အတွက် သူ့ရွာပြင်ပကို သွားလာခွင့်မရှိခဲ့ပေ။ တက္ကသိုလ်လည်းဆက်မတက်နိုင်၊ သူ့ရွာထဲမှာ ပြန်လည်ဖမ်းဆီးမှာကို ကြောက်နေရသည့် အကျဉ်းသားလို ဘဝမှ လွတ်မြောက်ရန် ချင်းပြည်နယ်မှ ထွက်ခွာလာခဲ့သည်။ ဤအဖြစ်အပျက်မတိုင်မီတွင်၊ ုံ.ူ သည်စစ်တပ်အတွက် ပေါ်တာအဖြစ်နှင့် အတင်းအဓမ္မလုပ်အားပေးသူအဖြစ် အကြိမ်ပေါင်း ၃၀ ထက်မက လုပ်ခဲ့ရသည်။

ဤ ုံ.ူ ၏ဖြစ်ရပ်သည် ချင်းပြည်နယ်၊ မြန်မာပြည်တွင် ဖြစ်ပွားသောဖြစ်ရပ်များစွာထဲမှ တခုသာဖြစ်သည်။ ထိုကဲ့သို့သော ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ထောင်ပေါင်းများစွာသော ချင်းလူမျိုးများသည် ချင်းပြည်နယ်မှ ထွက်ခွာပြီး အများစုမှာ အိန္ဒိယသို့သွားပြီး၊ အချို့မှာ မလေးရှား၊ ထိုင်းနိုင်ငံသို့ထွက်ခွာလာကြရသည်။ တရားခံမှာ ဗမာစစ်တပ်အဖွဲ့ဝင်များ၊ (သို့) တပ်မတော်၊ နိုင်ငံတော်ရေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ)၏ ကိုယ်စားလှယ် များသာဖြစ်သည်။

မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးများသည် စစ်တပ်၏ညှဉ်းပန်း နှိပ်စက်မှုဒဏ်ကို ဗိုလ်ချုပ်ကြီးနေဝင်းကဒီမိုကရေစီနည်းဖြင့် တင်မြောက်ထားသောအစိုးရထံမှ အာဏာသိမ်းယူ ခဲ့သည့် ၁၉၆၂ ခုနှစ်မှစ၍ ခံခဲ့ရသည်။ ဤအစီရင်ခံစာတွင် အိန္ဒိယနှင့် နယ်နိမိတ် ထိစပ်နေသော မြန်မာပြည်အနောက်ဘက်ရှိ ချင်းပြည်နယ်၌ ဖြစ်ပွားနေသော လူ့အခွင့် အရေး ချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများကို မှတ်တမ်းတင်ထားသည်။ စစ်အစိုးရ၏ ကန့်သတ်ချုပ်ချယ် တားမြစ်ခြင်းနှင့် ချင်းပြည်နယ်သို့ မသွားလာ နိုင်မှုများကြောင့် တိုင်းရင်းသားချင်းလူမျိုးများ ကြုံတွေ့နေရသော အခြေအနေများကို များစွာ အစီရင်ခံထား ခြင်းများကို မတွေ့ရှိရပေ။

၂၀၀၅ မှ ၂၀၀၈ အထိ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့တွင် လူ့အခွင့်အရေးစောင့်ကြည့် ရေးအဖွဲ့က မေးမြန်းခဲ့သည့် ချင်းလူမျိုးများမှ နအဖနှင့် တပ်မတော်မှ ကျူးလွန်သည့် ဆိုးရွားသော ညှင်းပန်းနှိပ်စက်မှုများအကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုညှဉ်းပန်းမှု များတွင် အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု၊ နှိပ်စက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှု၊ ပရမ်းပတာ ဖမ်းဆီးချုပ်နှောင်မှု၊ ဆန့်ကျင်ရေးအဖွဲ့ဝင်များအား ပြင်းထန်စွာ အရေးယူ ဂလဲ့စားချေမှု၊ ဘာသာရေးလွတ်လပ်ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ သွားလာမှုများအပေါ် ကန့်သတ် ချုပ်ချယ်မှု၊ အဓမ္မခြိမ်းခြောက်တောင်းယူခြင်း၊ ပစ္စည်းဥစ္စာများကို သိမ်းပိုက်ခြင်း၊ ရက်စက်သောစစ်သားစုဆောင်းရေး မူဝါဒများ၊ တရားစီရင်ရေးဆိုင်ရာမှ အပဖြစ်သော သတ်ဖြတ်ခြင်းများဖြစ်သည်။ ချင်းလူမျိုးအနည်းငယ်က ချင်းအမျိုးသားတပ်ဦး (ဃ၊ျ) နှင့် ၎င်း၏ စစ်တပ်များ (ဃဗြ)ကဲ့သို့သော ဆန့်ကျင်ရေးအဖွဲ့များကလည်း ချင်းအရပ်သားများ အပေါ် အဓမ္မခြိမ်းခြောက်တောင်းယူခြင်းနှင့် ညှဉ်းပန်းမှုများပြုကြသည်ဟု ပြောဆိုသည်။

တပ်မတော်၏ ညှဉ်းပန်းမှုများအပြင် စစ်အစိုးရ၏မူဝါဒများနှင့် လုပ်ဆောင်မှုများက ချင်းလူမျိုးတွေ အသက်ရှင်ရပ်တည်နိုင်မှုကို ခက်ခဲစေသည်။ အတင်းလုပ်အားပေးစေ ခိုင်းခြင်းများက ချင်းလူမျိုးတွေ၏ ကုန်သွယ်မှု၊ စီးပွားရေးနှင့် နေ့စဉ် လုပ်ငန်းများကို ပုံမှန် နှောင့်ယှက်စေသည်။ အထူးသဖြင့်၊ ကောက်ပဲသီးနှံများကိုသာ အဓိကအစားအစာ အဖြစ် မှီခိုနေရသည့် လယ်သမားများနှင့် မိသားစုများက အတင်းလုပ်အားပေးမှုဒဏ် ကိုခံရသည်။ ပရမ်းပတာငွေကြေးကောက်ခံမှုများနှင့်ခြိမ်းခြောက်ပြီးတောင်းယူမှုများက ပစ္စည်းဥစ္စာများပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့် ထိန်းသိမ်းမှုများကိုခက်ခဲစေသည်။ နအဖ၏ တိုင်းရင်းသားနှင့် ဘာသာရေးခွဲခြားဆက်ဆံမှုများက ချင်းခရစ်ယာန်များအား ရာထူး တိုးပေးရေး၊ လစာကောင်းသော အစိုးရအလုပ်များရရှိစေရေးတို့ကို ကန့်သတ်စေသည်။ လူပေါင်းထောင်ချီ၍ အသတ်ခံရပြီး၊ အကျဉ်းချခံရသည့် ၁၉၈၈ အရေးအခင်း ဖြစ်ပွားပြီးချိန်မှစ၍ ချင်းပြည်နယ်တွင် တိုးတက်လာနေသော စစ်တပ်အင်အားက ညှဉ်းပန်း နှိပ်စက်မှုများကိုဖြစ်ပွားစေပြီး၊ ထိုညှဉ်းပန်းမှုများကြောင့် ချင်းလူမျိုးများသည် မြန်မာပြည်မှ ထွက်ခွာလာခဲ့ကြရသည်။

ဤအစီရင်ခံစာတွင် အိန္ဒိယနိုင်ငံမီဇိုရမ်ပြည်၌ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မီဇိုရမ်အာဏာပိုင်များ၏ လက်အောက်တွင် လူမျိုးရေးခွဲခြားဆက်ဆံမှု၊ ညှဉ်းပန်းနှိပ်စက်မှု ဒဏ်တွေကို ခါးစည်းခံနေရသည့် ချင်းလူမျိုးများအကြောင်းနှင့် သူတို့အတွက် အကာအကွယ် ကင်းမဲ့နေမှုများကို လေ့လာ တင်ပြထားသည်။ ချင်းပြည်နယ်မှ ၄၀၄ ကီလိုမီတာအကွာ နယ်နိမိတ်ထိစပ်နေသည့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သည် ချင်းပြည်နယ်မှ ထွက်ခွာလာသည့် ချင်းလူမျိုးတွေအတွက် အဓိက ခရီးပန်းတိုင် ဖြစ်ပေသည်။ မီဇိုရမ်တွင် ကာလကြာရှည်စွာနေထိုင်သူများဖြစ်သည့် ချင်းအဖွဲ့ ခေါင်းဆောင်များအရ၊ ချင်းပြည်နယ်မှ လူဦးရေ ၂၀% ဖြစ်သည့် လူပေါင်း ၁၀၀၊၀၀၀ ခန့်မှာ မီဇိုရမ်တွင်ရှိနေပြီဖြစ်ကြောင်း ပြောဆိုသည်။ မီဇိုရမ်သည် ချင်းပြည်နယ်၏နယ်စပ် ဖြစ်ရုံသာမက၊ ချင်းနှင့် မီဇိုရမ်ရှိ လူမျိုးများတွင် တူညီသောသမိုင်းကြောင်းများရှိကြပြီး၊ ဘိုးဘွားစဉ်လာများလည်း တူနေကြသောကြောင့် ချင်းလူမျိုးတွေအတွက် မီဇိုရမ်သည် ဆွဲဆောင်မှုရှိသောနေရာ ဖြစ်နေသည်။

ချင်းလူမျိုးများအများစုမှာ ချင်းပြည်နယ်မှလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နှိပ်ကွပ်မှုများမှ ကင်းလွတ်ရန် မီဇိုရမ်သို့ ထွက်ခွာလာခဲ့ကြသော်လည်း၊ မီဇိုရမ်တွင် ညှဉ်းပန်းမှု၊ ဆိုးရွားသော လူမျိုးရေးခွဲခြားဆက်ဆံမှု၊ ဘာသာရေးနှိပ်ကွပ်မှုများဖြင့် ရင်ဆိုင်ရပြန်သည်။ တရားဝင်နေထိုင်ခွင့် မရှိခြင်းနှင့် လူမျိုးခွဲခြားဆက်ဆံမှုများက ချင်းလူမျိုးများ အလုပ် အကိုင်ရှာဖွေရာ၊ နေအိမ်ရှာရာနှင့် ပညာရေးရှာမှီးရာတို့တွင် တားဆီးပိတ်ပင်မှုများ ဖြစ်စေ သည်။ ရံဖန်ရံခါ “နိုင်ငံခြားသားဆန့်ကျင်”သည့် လှုပ်ရှားမှုများအတွင်း၊ မီဇိုစေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများနှင့် မီဇိုရမ် အာဏာပိုင်များက ချင်းလူမျိုးများအား ပစ်မှတ်ထား၍ မြန်မာပြည်သို့ အတင်းပြန်ခိုင်းမည်ဟု ခြိမ်းခြောက်ကြသည်။ ထောင်ပေါင်းများစွာသော ချင်းလူမျိုးများမှာ မီဇိုစေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် မီဇိုရမ်အာဏာပိုင်များ၏ ရှာဖွေဖမ်းဆီးပြီး မြန်မာပြည်သို့ အတင်းပြန်ခိုင်းခြင်းကိုခံရသည်။

မီဇိုရမ်ရှိ ချင်းလူမျိုးများတွင် အခြေခံလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနှင့် လုံလောက်သော လူသားများဆိုင်ရာကူညီထောက်ပံ့ပေးမှုများ မရှိပဲကင်းမဲ့နေသည်။ အိန္ဒိယနိုင်ငံမှ အပြည်ပြည်ဆိုင်ရာဥပဒေက ချမှတ်ထားသည့် ဒုက္ခသည်များကိုကာကွယ် စောင့်ရှောက်ရခြင်းများကို လိုက်နာခြင်းမရှိချေ။ အိန္ဒိယနိုင်ငံသည် ၁၉၅၁ ဒုက္ခသည်များ အနေအထားနှင့် သက်ဆိုင်ရာသဘောတူညီစာချုပ် (သို့) ၎င်းစာချုပ်၏ ၁၉၆၇ အပြည်ပြည်ဆိုင်ရာ သဘောတူညီစာချုပ်၏ နောက်ဆက်တွဲစာချုပ်တို့ကို သဘောတူ လက်မှတ် ရေးထိုးထားခြင်းမရှိပေ။ ချင်းလူမျိုးများသည် မီဇိုရမ်အာဏာပိုင်များနှင့် ညှိနှိုင်းပြီးလုပ်နေသည့် မီဇိုစေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ အတင်းပေးပို့မည်ဆိုသည့် ခြိမ်းခြောက်မှုများနှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုများဒဏ်ကို ရင်ဆိုင်နေရသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရှိသည့် နယူးဒေလီသို့ ၂၊၄၆၀ ကီလိုမီတာကြာအောင် လမ်းလျှောက်ပြီးသွားနိုင်သည့် ချင်းလူမျိုးများသာလျှင် ဒုက္ခသည် အဖြစ်လျှောက်ဆိုထားနိုင်ခြင်း၊ တတိယနိုင်ငံသို့အခြေချနိုင်ရန် စာနာထောက်ထား စဉ်းစား ပေးခြင်းကိုလုပ်နိုင်ကြသည်။ ဒါကြောင့်၊ ချင်းလူမျိုး ၁၊၈၀၀ ခန့်သည် နယူးဒေလီသို့ ရောက်ရှိပြီး၊ ၎င်းထဲမှ ၁၊၀၀၀ ဦးမှာ

ဒုက္ခသည်များအဖြစ်သတ်မှတ်ပေးခြင်းခံရသည်။ ချင်းလူမျိုး ၃၀၊၀၀၀ ခန့်သည် မလေးရှားသို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အသိအမှတ်ပြုခြင်းကို ခံယူရန်ထွက်ခွာသွားကြပြီဖြစ်သည်။

မီဇိုရမ်တွင် ပြည်နယ်နှင့်ဖယ်ဒရယ်အစိုးရသည် နယ်စပ်၌ ချင်းလူမျိုးများက ဒုက္ခသည်များ အဖြစ်နေထိုင်ခြင်းကို အသိအမှတ်မပြုသည့်အပြင်၊ ဒုက္ခသည်များဆိုင်ရာ အပြည်ပြည်ဆိုင် ရာ မဟာမင်းကြီးရုံးကိုလည်းဝင်ရောက်ခွင့်မပြုပေ။ အိန္ဒိယနိုင်ငံသည် ဒုက္ခသည်များဆိုင်ရာ သဘောတူညီစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်း မပြုသော်လည်း၊ လွတ်လပ်မှုကို ခြိမ်းခြောက်ခံရပြီး မိမိတို့အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသော နိုင်ငံရေးခိုလှုံခွင့် တောင်းခံ သူများနှင့်ဒုက္ခသည်များကို ကာကွယ်စောင့်ရှောက်ပေးရမည့် အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်များဆိုင်ရာကျင့်ထုံးဥပဒေကို လိုက်နာရမည့်တာဝန်ရှိသည်။

ဆင်းရဲလှသော ချင်းပြည်နယ်ရှိ အစာရေစာငတ်ပြတ်မှုများနှင့် ညှင်းပန်းနှိပ်စက်မှုများသည် ချင်းလူမျိုးများ အစုလိုက်အပြုံလိုက်ထွက်ခွာနေမှုများကို ရပ်တန့်နေးကွေး သွားစေမည် မဟုတ်ချေ။ မီဇိုရပ်ပြည်သူများကြည်ဖြူလက်ခံလာမှု၊ အိန္ဒိယနှင့်မီဇိုရမ်အစိုး ရတို့၏ ကာကွယ်ပေးမှု (သို့) ပြင်ပရှိ လူသားချင်းစာနာထောက်ထားကူညီမှုများ မရရှိသရွေ့ မီဇိုရမ်ရှိချင်းလူမျိုးများသည် မသေချာမရေရာသော ဘဝတွင်နစ်မြုပ်နေကြရမည် ဖြစ်သည်။ မီဇိုရမ် အိန္ဒိယတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က မေးမြန်းခဲ့သည့် ချင်းအမျိုးသမီး အရ 'ကျွန်မတို့ဟာ မေ့ကျန်ရစ်ထားတဲ့လူတွေလိုပါပဲ'။

## အကြံပေးချက်များ

### နိုင်ငံတော်ရေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့

- လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် တရားစီရင်ရေးဆိုင်ရာမှ အပဖြစ်သော သတ်ဖြတ်ခြင်းများ၊ ပရမ်းပတာ ဖမ်းဆီးချုပ်နှောင်မှု၊ အကျဉ်းသားများကို နှိပ်စက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှု၊ ရက်စက်သောစစ်သားစုဆောင်းရေး မူဝါဒများ၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု၊ ဆန့်ကျင်ရေးအဖွဲ့ဝင်များအား ပြင်းထန်စွာ အရေးယူဂလဲ့စားချေမှု၊ ဘာသာရေးလွတ်လပ်ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ သွားလာမှုများ အပေါ် ချုပ်ချယ်မှု၊ အဓမ္မခြိမ်းခြောက်တောင်းယူခြင်း၊ လုံလောက်သောပေးလျော်မှုနှင့် ဥပဒေအရမဟုတ်ပဲ ပစ္စည်းဥစ္စာများကို သိမ်းပိုက်ခြင်း တို့ကိုရပ်တန့်စေရန် ဗမာစစ်တပ်အဖွဲ့ဝင်များနှင့် အစိုးရအရာရှိများကို လူသိရှင်ကြားအမိန့်ပေးရမည်။
- လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာစွပ်စွဲချက်များကို စုံစမ်းရန်၊ အရေးယူရန်နှင့် ဖြေရှင်းရန် တရားဝင်ပြီး သိသာပွင့်လင်းသောဥပဒေနှင့် ညီညွတ်သောဘောင်ကို ပေါ်ပေါက်စေရမည်။ တပ်မတော်အရာရှိများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှု များကို ကျူးလွန်သည့်မည်သူကိုမဆို သင့်လျော်သော အပြစ်ပေး အရေးယူခြင်းများကို လုပ်ဆောင်သွားရမည်။
- မြန်မာပြည်ရှိ လူ့အခွင့်အရေး အခြေအနေကို လေ့လာမည့် ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိအား ချင်းပြည်နယ်သို့သွားရောက်ခွင့်ပြု ရန်ဖိတ်ခေါ်ပါ။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းရန် ချင်းပြည်နယ် နေရာအနှံ့ကို သွားခွင့် ပြုရမည်။
- အကျဉ်းသားများအား နှိပ်စက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ကိုရပ်ပါ။ ချင်းပြည်နယ် ရှိ အကျဉ်းသားများကို လုံလောက်သော အစားအစာ၊ ရေ၊ ကျန်းမာရေးဆိုင်ရာ များရရှိစေရန် ကြတ်မတ်ပြီး၊ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းဝေးရေးအပါအဝင် အကျဉ်း သားများ၏ အခွင့်အရေးများကိုလေးစားလိုက်နာရန် သေချာစီစစ်ဆောင်ရွက်ရမည်။
- အတင်းပေါ်တာဆွဲခြင်း၊ စစ်တပ်နှင့်လမ်းများဆောက်လုပ်ရာ၊ တည်ဆောက်ရေး လုပ်ငန်းများတွင် အတင်းလုပ်အားပေးစေခြင်းများနှင့် ရွာသားများကို ကြက်ဆူပင် နှင့်လက်ဖက်များစိုက်ခိုင်းခြင်း အပါအဝင် အတင်းအဓမ္မလုပ်အားပေး စေခိုင်းမှုအားလုံး ကိုရပ်ရမည်။ လုံလောက်သောလျော်ကြေးမပေးပဲ အိမ်ရာမြေသိမ်းပိုက်ခြင်းကို ရပ်ဆိုင်း ရမည်။
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ပြီး၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုစွပ်စွဲချက်များကို လေ့လာစုံစမ်းသိရှိနိုင်ရန် ပြည်နယ် အနှံ့ သွားလာခွင့်ပေးပါ။
- ချင်းလူမျိုးများကို တရားမဝင် တားဆီးပိတ်ပင်ကန့်သတ်မှုများမလုပ်ဘဲ လွတ်လပ်စွာ ဆက်သွယ်၊ ဖွဲ့စည်း၊ စည်းရုံး၊ သွားလာနိုင်ရန်ခွင့်ပြုပါ။ အထူးသဖြင့် ဘာသာရေး ဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် စည်းရုံးရေးဆိုင်ရာများကို လွတ်လွတ်ခွင့်ပေးပါ။
- အသက် ၁၈ နှစ်အောက် ကလေးများအား စစ်သားစုဆောင်းခြင်းကို ချက်ချင်းရပ်တန်း ကရပ်ပါ။ စစ်တပ်ထဲက အသက် ၁၈ နှစ်အောက် ကလေးများအားကို ပြန်လွတ်ပေး ပါ။ အသက် ၁၈ နှစ်အောက် ကလေးများအားစုဆောင်းနေသည့် မည်သည့်ပုဂ္ဂိုလ် ကိုမဆို ထိထိရောက်ရောက် အရေးယူအပြစ်ပေးခြင်းများ လုပ်ဆောင်ရမည်။
- ချင်းပြည်နယ်ရှိ အစာရေစာငတ်ပြတ်မှုကို ကူညီပေးမည့် လူသားချင်းစာနာထောက် ထားမှုများနှင့် အစားအစာဖြန့်ဝေပေးမှုများကို ထိရောက်စွာလုပ်နိုင်ရန် ကြတ်မတ် ဆောင်ရွက်ရမည်။ အစာရေစာငတ်ပြတ်နေသည့်နေရာဒေသသို့ အစားအစာဖြန့်ဝေခြင်း ကို နှောင့်ယှက်ခြင်းများအား ကာကွယ်ပါ။
- ကမ္ဘာ့ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုများ ကိုယ်စားလှယ်များနှင့် အဖွဲ့များကို ချင်းလူမျိုးများ၏ လိုအပ်ချက်များအား အကဲဖြတ်နိုင်ရန်နှင့် အထောက်အကူများပေးနိုင်ရန် ခွင့်ပြုပါ။ အထူးသဖြင့်

အစာငတ်ပြတ်မှုများ လတ်တလောဖြစ်ပွားရာ နေရာများသို့ သွားခွင့်ပြုပါ။ ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုများ ကိုယ်စားလှယ်များနှင့် အဖွဲ့များ၏ အကြံပေးချက်များကို အကောင်အထည်ဖော်ရန် အားကြိုးမာန်တက်လုပ်ဆောင်ပါ။

## ချင်းအမျိုးသားတပ်ဦး (ဃၤ်ြ) နှင့် ချင်းအမျိုးသား စစ်တပ်(ဃဖြ) သို့

- ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ၊ အနှောင့်အယှက်ပေးမှုများနှင့် ခြိမ်း ခြောက်တောင်းယူခြင်းများအပါအဝင် အရပ်သားများအပေါ် လူ့အခွင့်အရေးချိုး ဖောက်နေမှုများအားလုံးကို ရပ်ဆိုင်းစေရန် ချင်းပြည်နယ်တွင်လှုပ်ရှားနေသော စစ်တပ် အဖွဲ့ဝင် များအားလုံးကို အမိန့်ပေးပါ။ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကျူးလွန်သူ မည်သူ့ကိုမဆို သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ပါ။

## အိန္ဒိယအစိုးရသို့

- ၁၉၅၁ ဒုက္ခသည်များ အနေအထားနှင့် သက်ဆိုင်ရာ သဘောတူညီစာချုပ် (သို့) ၄င်းစာချုပ်၏ ၁၉၆၇ အပြည်ပြည်ဆိုင်ရာ သဘောတူညီစာချုပ်၏ နောက်ဆက်တွဲ စာချုပ်တို့ကို သဘောတူလက်မှတ်ရေးထိုးပါ။ ပြည်တွင်းဥပဒေအတွင်း အပြည်ပြည် ဆိုင်ရာ ဒုက္ခသည်များဆိုင်ရာကျင့်ထုံး ဥပဒေနှင့် ဒုက္ခသည်များ၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုခြင်းကို ထည့်သွင်းထားရှိရန်နှင့် နိုင်ငံရေး ခိုလုံခွင့်တောင်းခံသူများဆိုင်ရာ နည်းလမ်းများကို ဖော်ဆောင်ခြင်းအားဖြင့် သဘောတူညီစာချုပ်ကို အကောင်အထည် ဖော်ဖို့ တရားဝင်ဘောင်ကို ထုတ်ဖော်အတည်ပြုပါ။
- ချင်းဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလုံခွင့်တောင်းခံသူများအား မြန်မာပြည်သို့အတင်း ပြန်ခိုင်းခြင်းများကို မပြုနိုင်ရန် ပြည်နယ်အစိုးရနှင့် အစိုးရမဟုတ်သော လှုပ်ရှားသူများ ကို ရပ်တန့်စေခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်များဆိုင်ရာကျင့်ထုံးဥပဒေကို လိုက်နာဆောင်ရွက်ပါ။
- ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကို မီဇိုရမ်သို့ ချင်းလူမျိုးနိုင်ငံရေး ခိုလုံခွင့်တောင်းခံသူများ၏ အနေအထားကို အကဲဖြတ်ဖို့ရန် သွားခွင့်ပြုပါ။ ချင်းလူမျိုး နိုင်ငံရေး ခိုလုံခွင့်တောင်းခံသူများမှ မိမိတို့ဒုက္ခသည်အနေအထားအတွက် အကဲဖြတ် ဆုံးဖြတ်ပေးခြင်းခံယူရာတွင် နှောင့်ယှက်ခံရခြင်း၊ ပိတ်ပင်ခံရခြင်းများ မရှိစေရန်သေ ချာဆောင်ရွက်ပါ။
- ချင်းဒုက္ခသည်များနှင့် နိုင်ငံရေးခိုလုံခွင့်တောင်းခံသူများအား သမားရိုးကျ ကူညီ ထောက်ပံ့မှုများကို ပေးနိုင်ရန်လူသားချင်းစာနာထောက်ထား မှုကိုယ်စား လှယ်များကို မီဇိုရမ်သို့သွားခွင့်ပြုပါ။
- ချင်းလူမျိုးများအား အတင်းပြန်ခိုင်းခြင်း၊ ခြိမ်းခြောက်ခြင်းများ၊ တိုက်ခိုက်ခြင်းများ၊ အတင်းနှင်ထုတ်ခြင်းများ၊ ပရမ်းပတာဖမ်းဆီးခြင်းများကို ရပ်ဆိုင်းစေရန် မီဇိုရမ်ပြည် နယ်အစိုးရကို ပြောဆိုပါ။ အခြေခံလူ့အခွင့်အရေးများနှင့်အညီ မီဇိုရမ်ရှိ ချင်းလူမျိုးများ လူမျိုးရေး ခွဲခြားဆက်ဆံမှုများမှ ကင်းလွတ်စေရန် သေချာဆောင်ရွက်ပါ။
- အန္တရာယ်နှင့်မကင်းသော အလုပ်ခွင်များတွင် အလုပ်လုပ်နေသည့် ကလေးများကို ရွှေ့ဆိုင်းခြင်း၊ နေရာပြန်လည်ချထားခြင်းများကို အိန္ဒိယနိုင်ငံ၏ဥပဒေနှင့် အညီပြုမူဆောင်ရွက်သွားရန် မီဇိုရမ်အစိုးရကို ဖိအားပေးပါ။
- ကလေးများအားလုံးကို သက်သေခံကတ်ပြားများ တောင်းဆိုခြင်းမရှိပဲ မူလတန်း ကျောင်းပညာသင်ယူနိုင်ရန် မီဇိုရမ်အစိုးရမှ ဆောင်ရွက်သွားဖို့ ပြောဆိုပါ။

## မီဇိုရမ်ပြည်နယ်အစိုးရသို့

- နှိပ်ကွပ်မှုနှင့် ညှဉ်းဆဲမှုဒဏ်ကို ရင်ဆိုင်ရသည့် ချင်းလူမျိုးများအား မြန်မာပြည်သို့ ပေးပို့ခြင်းကို ရပ်ဆိုင်းပါ။
- မီဇိုရမ်အာဏာပိုင်များ၊ ဗြကဲ့သို့သော မီဇိုစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ချင်းလူမျိုးများအား ပရမ်းပတာဖမ်းဆီးခြင်းများ၊ အတင်းနှင်ထုတ်ခြင်းများ၊ တိုက်ခိုက် ခြင်းများ၊ ခြိမ်းခြောက်ခြင်းများ၊ ချင်းလူမျိုးများအား အတင်းပြန်ခိုင်းခြင်းအားလုံးကို ရပ်တန့်ရမည်။
- တခြားလူတွေ၏ အခွင့်အရေးများမချိုးဖောက်နိုင်ရန် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ကို စောင့်ကြည့်ရမည်။ ညှဉ်းပန်းနှိပ်စက်မှုများအတွက် မကျေနပ်ချက်များကို တိုင်ကြားခြင်းအား မှတ်တမ်းတင်နိုင်ရန် စနစ်ကိုတီထွင်ဖော်ထုတ်ရမည်။
- မီဇိုရမ်တွင် ချင်းအသိုင်းအဝိုင်းကို ခွဲခြားဆက်ဆံသောကျင့်စဉ်များပပျောက်သွားစေမည့် ကျင့်စဉ်များကို မြေတောင်မြှောက်ပေးပါ။
- ချင်းအလုပ်သမားများ အလုပ်သမားကာကွယ်မှုများရရှိရန်နှင့် အလုပ်လုပ်ခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးပါ။ အလုပ်ခွင်တွင် လူမျိုးခွဲခြားဆက်ဆံခြင်းများနှင့် ညှဉ်းပန်းမှုများ ကြုံတွေ့ရင်ဆိုင်နေရသည့် ချင်းအလုပ်သမားများ မကျေနပ်ချက်များကို တိုင်ကြား နိုင်ရန်ယန္တရားကိုလုပ်ဆောင်ပါ။ အိန္ဒိယနိုင်ငံ၏ဥပဒေနှင့်အညီ အန္တရာယ်နှင့်မကင်း သော အလုပ်ခွင်များတွင် အလုပ်လုပ်နေသည့် ကလေးများကို ရွှေ့ဆိုင်းခြင်း၊ ပြန်လည်နေရာချထားခြင်းများကိုပြုမူပါ။
- ကလေးများအားလုံးကို ပညာရေး၊ ကျန်းမာရေးနှင့် အခြား အိမ်တွင်းရေး အကြမ်းဖက်မှုအစရှိသည်တို့ကို ဖြေခြင်းနိုင်ခွင့်ကို ရရှိခြင်းအပါအဝင် လူမှုရေးလုပ် ဆောင်မှုများအားလုံးတို့ကို တန်းတူညီမျှ ရရှိအောင် လုပ်ဆောင်ပေးပါ။ ကလေးများ အားလုံးကို သက်သေခံကတ်ပြားများ တောင်းဆိုခြင်းမရှိပဲ မူလတန်း ကျောင်းပညာ သင်ယူခွင့်ကိုပေးပါ။

- ချင်းလူမျိုးများအား အရပ်သချိုင်းကုန်းကိုသုံးခွင့်ပြုရန်နှင့် ချင်းဘုရားကျောင်းများကို ထိန်းသိမ်း လုပ်ဆောင်သွားနိုင်ရန်ခွင့်ကို ပေးပါ။

## ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသို့

- အိန္ဒိယအစိုးရအား ၁၉၅၁ ဒုက္ခသည်များ အနေအထားနှင့် သက်ဆိုင်ရာ သဘောတူညီစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးစေရန်နှင့် အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်များဆိုင်ရာကျင့်ထုံးဥပဒေကို လေးစားလိုက်နာရန် လှုံ့ဆော်ပါ။ အိန္ဒိယ အစိုးရအား အိန္ဒိယနိုင်ငံရှိချင်းဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံခွင့်တောင်း ခံသူများ အထူးသဖြင့် မီဇိုရမ်ရှိချင်းများအား အတင်းနှင်ထုတ်ခြင်းများကိုကာကွယ်ရန်နှင့် ရပ် တန့်စေရန်အားပေးပါ။
- အိန္ဒိယနှင့်မီဇိုရမ်အစိုးရများဖြင့်ပူးပေါင်း၍ ပညာပေးနိုးကြားလှုံ့ဆော်ခြင်းလှုပ်ငန်းများကို ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ နေထိုင်ရာ အိန္ဒိယအရှေ့မြောက် နှင့်မီဇိုရမ်များတွင် အနှောင့်အယှက်မရှိပဲ သွားရောက်နိုင်ရန် ဆက်လက်လုပ်ဆောင်ပါ။
- အရပ်သားများ ဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံခွင့်တောင်းခံသူများ၏ အခွင့်အရေး များ၊ ကာကွယ်မှုလိုအပ်ချက်များကို သိရှိနားလည်နိုင်ရန်မီဇိုရမ်တွင် လူထုများအား ပညာပေးလှုံ့ဆော်မှုများအား သွားရောက်လုပ်ကိုင်ရန် ထောက်ပံ့ပါ။
- မီဇိုရမ်အာဏာပိုင်များနှင့် လူမှုအဖွဲ့အစည်းများ ့ဗ ကဲ့သိုသော လူငယ်အဖွဲ့အစည်း များကို ဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံခွင့်တောင်းခံသူများ၏ အခွင့်အရေးများ၊ ကာကွယ်မှုလိုအပ်ချက်များအကြောင်း သင်တန်းများကိုပေးပါ။

## အာဆီယံ၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဩစတေးလျ၊ ကနေဒါ၊ ဂျပန်နှင့် အခြားပတ်သက် နေသောနိုင်ငံများသို့

- မြန်မာပြည်အစိုးရအား အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု၊ နှိပ်စက်မှုနှင့် ရက်စက်ကြမ်း ကြုတ်မှု၊ ပရမ်းပတာ ဖမ်းဆီး ချုပ်နှောင်မှု၊ ဆန့်ကျင်ရေးအဖွဲ့ဝင်များအား ပြင်းထန်စွာ အရေးယူဂလဲ့စားချေမှု၊ ဘာသာရေး၊ ထုတ်ဖော်ပြောဆိုခွင့်၊ သွားလာမှုများအပေါ် ချုပ်ချယ်မှု၊ အဓမ္မခြိမ်းခြောက်တောင်းယူခြင်း၊ ပစ္စည်းဥစ္စာများကို သိမ်းပိုက်ခြင်း၊ ရက်စက်သောစစ်သားစုဆောင်းရေး မူဝါဒများ၊ တရားစီရင်ရေးဆိုင်ရာမှ အပဖြစ်သော သတ်ဖြတ်ခြင်းများနှင့် အခြားညှဥ်းပန်းမှုများအားလုံးကို ချက်ချင်းရပ်ဆိုင်းရန် ဖိအား ပေးပါ။
- ချင်းပြည်နယ်တွင် ဒုက္ခဝေဒနာနှင့်ရင်ဆိုင်နေရသော လူများကိုကူညီသော လူသားချင်း စာနာထောက်ထားကူညီမှုများကို မြှင့်တင်ပေးရန်နှင့် တပြိုင်နက်တည်းတွင် မလိုအပ်ပဲ အစိုးရ (သို့) စစ်တပ်အရာရှိများထံမှ နှောင့်ယှက်ဟန့်တားခြင်းများမရှိပဲ လူသားချင်း စာနာထောက်ထားဖြန့်ဝေမှုများကို လွတ်လပ်စွာ လုပ်ဆောင်သွားရန်စီစဉ်ကြတ်မတ်ပေး ရမည်။[1]
- မြန်မာအစိုးရမှ တိကျသည့်လူ့အခွင့်အရေးလိုအပ်ချက်များကို မလိုက်နာပါက ပစ်မှတ် ထားရှိသည့်ပိတ်ဆို့မှုများကို ကျင့်သုံးသွားရမည်။ ပိတ်ဆို့မှုများတွင် ညှဥ်းပန်းမှုများ အတွက် အပြစ်ရှိသည့် စစ်တပ်နှင့် အရပ်သားတာဝန်ရှိသူများအားလုံးကို ပစ်မှတ်ထား သည့် စီးပွားရေးပိတ်ဆို့မှုများ ပါရှိသင့်သည်။ တာဝန်ရှိသူများအား စီးပွားရေး ပိတ်ဆို့မှုမှ ကင်းလွတ်ရန်ကူညီသူများ၊ သဘောတူသောသူများကိုပါ ပစ်မှတ်ထားရှိ ရမည်။ ထိုသို့စီးပွားရေးပိတ်ဆို့မှုများကို တရားမျှတသောနည်းဖြင့် ဖော်ထုတ်ပြီး၊ ထိုပိတ်ဆို့မှုများကို ပုံမှန်လေ့လာစောင့်ကြတ်ခြင်းများထားရှိရမည်။[2]
- အိန္ဒိယတွင် အပြည်ပြည်ဆိုင်ရာစည်းမျည်းစည်းကမ်းများနှင့်ကိုက်ညီသည့် ကာကွယ်မှု များနှင့် ကူညီမှုများကိုပေးရန်နှင့်၊ နှိပ်စက်ခြင်းများအပါအဝင် နှိပ်ကွပ်မှုများကို ကြောက် ရွံ့နေရသည့် ချင်းလူမျိုးများ၏ အခွင့်အရေးများကို ရှင်းလင်းပြတ်သားစွာ ထောက်ခံပါ သည်ဆိုသည့် လူသိရှင်ကြားအဆိုပြုချက်များကို ထုတ်ပြန်ရမည်။
- အိန္ဒိယနှင့်မီဇိုရမ်အစိုးရများအား မြန်မာပြည်တွင်နှိပ်ကွပ်မှုများနှင့် နှိပ်စက်မှုများကိုခံရ မည်ဖြစ်သည့် ချင်းများကို အတင်းပေးပို့ခြင်း၊ ပရမ်းပတာဖမ်းဆီးခြင်းနှင့် အတင်းနှင် ထုတ်ခြင်းတို့ကိုရပ်တန့်စေရန် တိုက်တွန်းနိုးဆော်ပါ။
- ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် လူသားချင်းစာနာကူညီ ထောက်ပံ့ သောကိုယ်စားလှယ်များက ဒုက္ခသည်များနှင့်နိုင်ငံရေး ခိုလှုံခွင့်တောင်းခံသူ များကိုကာ ကွယ်ရန်နှင့် ကူညီပေးရန် မီဇိုရမ်နှင့်အခြားအရှေ့မြောက်ဒေသသို့ သွားရောက်နိုင်ခွင့် ရရှိရန် အိန္ဒိယနှင့်မီဇိုရမ်အစိုးရများကို အားပေးပါ။
- ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ လုပ်ငန်းဆောင်တာများကို ထောက်ပံ့အားပေးပါ။

---

[1] မြန်မာပြည်တွင်း လူသားချင်းစာနာထောက်ထားကူညီမှုများအတွက် ပိုမိုအသေးစိတ်ကျသောအကြံပေးချက်များကိုသိလိုလျှင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၊ *အရေးယူနှိမ်နှင်းမှုကြီး –၂၀၀၇ မြန်မာပြည် လူထုဆန္ဒပြ မှုများအပေါ် ဖိနှိပ်ချုပ်ချယ်မှု*၊ အတွဲ ၁၉၊ နံပတ် ၁၈ (င)၊ ဒီဇင်ဘာ ၂၀၀၇၊ **http://hrw.org/reports/2007/burma1207/**၊ စာမျက်နှာ ၁၂၅၊ ဆိုင်ကလုံးဖြစ်ပွားပြီးနောက်ပြန်လည်နေရာချထားရေးအပေါ် အလှူရှင်များအား လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ရေးသည့်စာ၊ ဇူလိုင် ၂၂၊ ၂၀၀၈၊ **http://www.hrw.org/en/news/2008/07/22/letter-donors-reconstruction-after-cyclone-nargis.** တို့ကိုကြည့်ပါ။

[2] ပိတ်ဆို့မှုများတွင်ပါရှိသင့်သည်ပတ်သက်၍ ပိုမိုအသေးစိတ်ကျသောအကြံပေးချက်များကိုသိလိုလျှင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ *အရေးယူနှိမ်နှင်းမှုကြီး –၂၀၀၇ မြန်မာပြည် လူထုဆန္ဒပြ မှုများအပေါ် ဖိနှိပ်ချုပ်ချယ်မှု*၊ အတွဲ ၁၉၊ နံပတ် ၁၈ (င)၊ ဒီဇင်ဘာ ၂၀၀၇၊ **http://hrw.org/reports/2007/burma1207/**၊ စာမျက်နှာ ၁၂၃၊ ကိုကြည့်ပါ။